# အမျိုးသမီးအခွင့်အရေးများအား အခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းခြင်း



အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဖေဖော်ဝါရီလ ၂၀၀၆

| မာတိကာ | စာမျက်နှာ |
|---|---|


| | |
|---|---|
| နိဒါန်း | ၁ |
| (က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အမျိုးသမီးများပါဝင်မှုအခြေအနေ | ၂ |
| (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အထူးစီမံလုပ်ဆောင်ချက် | ၄ |
| (ဂ) မြန်မာနိုင်ငံ၏ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အကြံပြုချက်များ | ၇ |
| နိဂုံး | ၉ |

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခဲ့သည့် ***Janet Benshoof, Susan H. Williams, Catherine Yee Mon Htun and Mary O'Kane*** တို့နှင့် ဤစာတမ်းဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီသူများအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## နိဒါန်း

မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လူမှုဘဝနှင့် အခြေအနေ၊ အဆင့်အတန်းတိုးတက်မှုများမရှိရခြင်း၏ အကြောင်းရင်းကို အချက်နှစ်ချက်နှင့်ကြည့်၍ သိရှိနိုင်ပေသည်။ ပထမအချက်မှာ မြန်မာနိုင်ငံလူမျိုးစုများ၏ ဓလေ့ထုံးစံအားလုံးနီးပါးနှင့် လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းမှုပုံစံများသည် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ခေါင်းဆောင်မှုကဏ္ဍများ၌ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ပတ်သက်မှုကို ချန်လှပ်ထားသည့် ကျားမခွဲခြားမှုကို ကျင့်သုံးသောစနစ်ကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှစ၍ စစ်တပ်အစိုးရမှ အုပ်ချုပ်လာသည်ဖြစ်ရာ မြန်မာ့လူမှုအသိုင်းအဝိုင်းသည် စစ်ယဉ်ကျေးမှုတွင် အသားကျလာပြီး အမျိုးသမီးများအား နိုင်ငံရေးလောက၏ ပြင်ပသို့ ပို၍တွန်းပို့နေသကဲ့သို့ဖြစ်ကာ အမျိုးသမီးများစွာမှာ လိင်ကွဲပြားမှုအပေါ်မူတည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကို ကျယ်ပြန့်စွာ ခံစားနေရခြင်းသောကြောင့်ဖြစ်သည်။

အမျိုးသမီးအခွင့်အရေးများကို အတတ်နိုင်ဆုံး အာမခံပေးခြင်း၊ အကာအကွယ်ပေးခြင်းနှင့်အတူ မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ၏ နိုင်ငံရေးတန်းတူညီမျှမှုအတွက် ရှေ့ရှုလုပ်ဆောင်ရန်မှာ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) *WLB* ၏ ရည်ရွယ်ချက်ဖြစ်ပေသည်။ ဤတန်းတူညီမျှမှုရရှိရေးအတွက် စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ၊ လူမှုရေးအရ၊ ဥပဒေကြောင်းအရ၊ အဆင့်ပေါင်းများစွာတွင် ကိုင်တွယ်လုပ်ဆောင်သွားရမည်ဟုလည်း မိမိတို့ *WLB* အနေနှင့် နားလည်အသိအမှတ်ပြုထားသည်။ အထူးအရေးကြီးသည်မှာ လိင်ကွဲပြားမှုအပေါ်မူတည်သည့် ခွဲခြားဆက်ဆံခြင်းနှင့် ထိုခွဲခြားဆက်ဆံခြင်း၏ အကျိုးဆက်အခြေအနေများအပါအဝင် အတိတ်၌ဖြစ်ပွားခဲ့သည့် အမှားအယွင်းများကို အသိအမှတ်ပြုပေးရန် လိုအပ်ခြင်းပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် လိင်ကွဲပြားမှုအပေါ်မူတည်သည့် ခွဲခြားဆက်ဆံမှုများရှိခဲ့သည်ကို အသိအမှတ်ပြုခြင်းသည် အနာဂတ်တွင် ကောင်းမွန်သော လုပ်ဆောင်ချက်များနှင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာ စေရေးအတွက် အခြေခံကျပေသည်။ မြန်မာနိုင်ငံအမျိုးသမီးများ၏ စံနှုန်းမီသည့် အမျိုးသမီးအခွင့်အရေးများရရှိရန်နှင့် တန်းတူရေးအတွက် အထူးစီမံချက်များဖြင့် လုပ်ဆောင်နိုင်သည့်နည်းလမ်းများကို အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်အတွက်ကြောင့် ထည့်သွင်းဖော်ပြရေးသားသင့်သည်ကို *WLB* ၏ ၂၀၀၆ ခုနှစ်ထုတ် ကျားမတန်းတူရေးအမြင် ရှုထောင့်သဘောထားများဆိုင်ရာစာတမ်းကို အခြေခံ၍ ဤစာအုပ်ငယ်တွင် အနှစ်ချုပ်တင်ပြထားပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်လူမှုအသိုင်းအဝိုင်းတခု၏ နိုင်ငံရေးဆိုင်ရာ ဥပဒေရေးရာ ဖွဲ့စည်းတည်ဆောက်ပုံတည်ဆောက်နည်းများကို ဖော်ထုတ်ပြသသော အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ ထိုလူမှုအသိုင်းအဝိုင်း၏ အချက်အခြာကျသည့် တန်ဖိုးများနှင့် အားကျအတုယူဖွယ်ရာများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေက ထင်ဟပ်ပြသနေပေသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ နိုင်ငံအတွင်းရှိ ပြည်သူလူထုတရပ်လုံး၏ အခွင့်အရေးများကို သေချာအောင် လုပ်ပေးသော၊ ကာကွယ်ပေးသော အနာဂတ်ဖယ်ဒရယ်ဒီမိုကရေစီစနစ်နှင့် ကြေညာပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို လိုလားပါကြောင်း ဖော်ပြထားပါသည်။ အမျိုးသမီးများ၏ အရေးကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း သေသေချာချာထည့်သွင်း ဖော်ပြထားခြင်းမရှိပဲနှင့် ‘ဥပဒေရှေ့မှောက်တွင် မည်သူမဆို တန်းတူညီမျှရှိရမည်ဟူသည့်အချက်သည် မည်သည့်နည်းနှင့်မျှ နိုင်ငံသားအားလုံးကို အာမခံနိုင်မည်မဟုတ်ကြောင်း’ ကိုလည်း ခိုင်ခိုင်မာမာယုံကြည်

ပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရေးဆွဲသည့်အခါ ဖွဲ့စည်းပုံဥပဒေကြမ်း စတင်ပြင်ဆင်ရေးဆွဲရာမှသည် နောက်ဆုံးအဆုံးသတ် ရေးဆွဲပြီးဆုံးသည်အထိ အဆင့်တိုင်းတွင် အမျိုးသမီးအင်အားစု များ၏ ပါဝင်ပတ်သက်လုပ်ဆောင်မှုသည် မရှိမဖြစ် လိုအပ်ပေသည်။

ထိုအတွက် အမျိုးသမီးများပါဝင်နိုင်ရေးကို အထူးစီမံလုပ်ဆောင်ချက်တရပ်အဖြစ် ဥပဒေကြောင်းအရ ထည့်သွင်းရမည့်ကဏ္ဍအား အလေးထားဂရုပြုထားပါသည်။ အထူးသဖြင့် ရွေးချယ်တင်မြှောက်ပုံစနစ်၏ နိုင်ငံတော် အဆင့်မှသည် ဒေသဆိုင်ရာအဆင့်အထိ အဆင့်တိုင်းနှင့် အစိုးရတရပ်အတွင်းရှိ နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးဟူသည့် ကဏ္ဍကြီးသုံးရပ်၏ ရွေးချယ်တင်မြှောက်မှုအဆင့်တိုင်းတွင် ကိုတာစနစ်ကို ထည့်သွင်းပေးရန် တောင်းဆိုထားပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အဆင့်သုံးဆင့်ပါဝင်သည့် ကိုတာစနစ်အား ထည့်သွင်းနိုင်ရန်အတွက် မိတ်ဆက်တင်ပြထားပါသည်။ ပထမအဆင့်အနေဖြင့် တင်ပြထားသည်မှာ ယခင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများ၏ပါဝင်မှုအခြေအနေနှင့် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အမျိုးသမီးများပါဝင်ပတ်သက်မှုအခြေအနေကို သုံးသပ်ထားပါသည်။ ဒုတိယအဆင့်အနေဖြင့် အထူးစီမံဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန်နှင့် ကိုတာစနစ်အား အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းနိုင်ရန် တင်ပြထားပါသည်။

## (က) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အမျိုးသမီးများပါဝင်မှုအခြေအနေ

ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂) ရပ် ပေါ်ပေါက်ခဲ့သည်။ ပထမတခုမှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ဒုတိယတခုမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးတွင် ကျားမဆိုင်ရာတန်းတူရေးနှင့် ပတ်သက်၍ ပြဋ္ဌာန်းရေးဆွဲထားခြင်းမရှိခဲ့ပါ။ အဆိုပါဖွဲ့စည်းပုံနှစ်ရပ်လုံး မူကြမ်းများရေးဆွဲခဲ့သည့်အဆင့်များ၌ အမျိုးသမီးများကိုယ်စားပြုမှု အလျဉ်းမရှိသည့်အပြင် အမျိုးသမီးများ၏ အရေးကိစ္စများအပေါ်လည်း ထိုဖွဲ့စည်းပုံနှစ်ရပ်လုံးမှ စဉ်းစားထည့်သွင်းခဲ့ခြင်းမရှိခဲ့ပါ။ ထိုဖွဲ့စည်းပုံများတွင် ပြည်သူလူထုတရပ်လုံး၏ တန်းတူညီမျှရေးဟူသည့်မူကို ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ဘဝတွင် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအရ၊ တန်းတူညီမျှမှုရယူနိုင်ရေးတို့အတွက် လုပ်ဆောင်ချက်များ ဖန်တီးတည်ဆောက်ယူရန် လိုအပ်သည့်အချက်ကို အသိအမှတ်ပြုထားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အမျိုးသမီးများ၏ အခွင့်အရေးများနှင့် တန်းတူညီမျှရေးတို့ကို အပေါ်ယံထည့်သွင်းရေးသားထားခြင်းဖြင့် လက်တွေ့တွင် အမှန်တကယ်ဆောင်ရွက်ချက်များ ပေါ်ပေါက်လာစေရန် အာမမခံနိုင်ကြောင်း မိမိတို့ပြောဆိုနေရခြင်းဖြစ်သည်။

ဒီမိုကရေစီအုပ်ချုပ်ရေး ပြန်လည်ပြဋ္ဌာန်းပေးရန် ပြည်သူလူထုတရပ်လုံး၏ အုံကြွတောင်းဆိုမှုကို နှိမ်နင်း၍ စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေရန် တရားဥပဒေစိုးမိုးမှုကို ဖျက်သိမ်းခဲ့သော ၁၉၈၈ ခုနှစ်ကတည်းကစ၍ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍မရှိဘဲ စစ်အစိုးရ၏ မတရားအုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့ပေသည်။ စစ်အစိုးရက ၁၉၉၃ ခုနှစ်မှစ၍ ကမကထပြုကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံ ရေးဆွဲရေးလုပ်ငန်းများလည်း အဆုံးမသတ်နိုင်ဘဲ

၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ထပ်မံဆိုင်းငံ့ရပ်ဆိုင်းလိုက်ရပြီး ၂၀၀၆ ခုနှစ်ကုန်အထိ ထပ်မံရွှေ့ဆိုင်းလိုက်ရပြန်သည်။ အမျိုးသားညီလာခံဟုခေါ်သော ဤလုပ်ငန်းစဉ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (န–အ–ဖ)ဟု လက်ရှိအမည်ရသော စစ်အစိုးရက ၂၅ ရာခိုင်နှုန်းသော ပါလီမန်နေရာများကို စစ်တပ်မှကိုယ်စားလှယ်များအတွက် နေရာပေးထားသည့် စနစ်တခုအား စတင်လုပ်ကိုင်ရန် ကြိုးပမ်းနေလေသည်။ နအဖ၏ အဆိုပါအမျိုးသားညီလာခံအတွင်း ကိုယ်စားလှယ်ပေါင်း ၇၀၂ ဦးရှိသည့်အနက် ၅ ရာခိုင်နှုန်းသည်သာ အမျိုးသမီးများဖြစ်ကြသည်။

မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံမူကြမ်းတရပ်ကို နယ်စပ်ဒေသများ၌ အခြေစိုက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်အင်အားစုများသည်လည်း ရေးဆွဲလျက်ရှိသည်။ မိမိတို့ရေးဆွဲနေသော ဤဥပဒေမူကြမ်းသည် ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို အခြေခံထားခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါဥပဒေမူကြမ်းရေးဆွဲမှု လုပ်ဆောင်ချက်တွင်ပါဝင်သော အဖွဲ့အစည်းအားလုံးက မိမိတို့မူကြမ်းအတွက် အခြေခံရမည့် မူ (၈) ချက်ကို သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ ၎င်းတို့မှာ အချုပ်အခြာအာဏာ *(Sovereign Power)* တန်းတူရေး *(Equality)* ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် *(Self-determination)* ဖက်ဒရယ်ပြည်ထောင်စုမူများ *(Federal Principles)* လူနည်းစုများ၏ အခွင့်အရေးများ *(Minority Rights)* ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့် အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု *(Democracy, Human Rights and Gender Equality)* ဘာသာရေးကို အခြေမခံသောနိုင်ငံ *(Secular State)* ပါတီစုံဒီမိုကရေစီစနစ် *(Multi-party Democracy System)* တို့ဖြစ်သည်။

စစ်အစိုးရအား ဆန့်ကျင်တော်လှန်နေကြသော တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးအဖွဲ့အစည်းများသည်လည်း ပြည်နယ်အဆင့်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများအား ရေးဆွဲလျက်ရှိကြသည်။ မိမိတို့အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် တိုင်းရင်းသားတန်းတူရေးကို လိုလားသော တိုက်ပွဲဝင်အင်အားစုများ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးအဆင့်များတွင်သာ အမျိုးသမီးကိုယ်စားလှယ်များအဖြစ် ပါဝင်မှုရှိခဲ့ခြင်းကို အသိအမှတ်ပြုပါသည်။ မိမိတို့ *WLB* အနေဖြင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် အဆင့်များတွင် တန်းတူရေးဟူသည့် အခြေခံမူများနှင့် လက်တွေ့ကျင့်သုံးမှုများအား တိုးမြှင့်လုပ်ဆောင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်သည်။ ဤလုပ်ငန်းစဉ်များတွင် လုပ်ဖော်ကိုင်ဖက်အမျိုးသားများနှင့် အတူတကွလက်တွဲလုပ်ဆောင်ခြင်းဖြင့် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှုအား အခြေအနေတရပ်အထိ ရယူနိုင်ခဲ့ပြီး ဆက်လက်၍လည်း ပိုမိုအောင်မြင်မှုများရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

## (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အထူးစီမံလုပ်ဆောင်ချက်

ယနေ့ခေတ်ကာလတွင် နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ ကျားမတန်းတူညီမျှရေးကဏ္ဍကို မထည့်သွင်း၍မရတော့သည့် အကြောင်းတရားများရှိနေသည်ဟု မိမိတို့ *WLB* အနေဖြင့်ယုံကြည်သည်။ ၎င်းအကြောင်းတရားများမှာ–

- အမျိုးသမီးများအတွက် နိုင်ငံသားအခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်ရန် ကျားမတန်းတူရေးရှိရန်လိုအပ်သည်။ သူတို့ဘဝအား မည်သို့မည်ပုံတည်ဆောက်မည်ကို ဆုံးဖြတ်ရာ၌ အမျိုးသားများကဲ့သို့ အမျိုးသမီးများတွင်လည်း လွတ်လပ်မှုနှင့် အခွင့်အလမ်းများရှိရမည်။ နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိပြီး အမျိုးသားများနည်းတူ အမျိုးသမီးများသည်လည်း နိုင်ငံသားဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဘဝများတွင် အပြည့်အဝပါဝင်လုပ်ဆောင်ပိုင်ခွင့်သည် အမျိုးသမီးများ၏ အခြေခံအခွင့်အရေးဖြစ်သည်။
- လတ်တလောတွင် လစ်လျူရှုထားခြင်းခံရသည့် အမျိုးသမီးများအတွက် အထူးလိုအပ်ချက်များကို နိုင်ငံအစိုးရအနေဖြင့် တာဝန်ယူလုပ်ဆောင်ပေးရန်လိုအပ်သည့်အတွက် ကျားမတန်းတူရေး မရှိမဖြစ်လိုအပ်သည်။
- အတိတ်ကာလနှင့် ယခုလက်ရှိကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံမှုများအား အသိအမှတ်ပြုပေးရန်အတွက် ကျားမတန်းတူရေး မရှိမဖြစ်လိုအပ်သည်။
- နိုင်ငံရေးလူထုအသိုင်းအဝိုင်းတခုအတွင်း နိုင်ငံသားများအကြား တန်းတူညီမျှမှုနှင့် တရားမျှတမှုဟူသည့် အချက်များအပေါ် အခြေပြုတည်ဆောက်ထားသည့် ခေတ်သစ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်များ ကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ခိုင်မာသည့်ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားရန်အတွက် ကျားမတန်းတူရေး မရှိမဖြစ်လိုအပ်သည်။
- တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာချမှတ်ထားသည့် ရည်ရွယ်ချက်ပန်းတိုင်များဆီသို့ ပိုမိုထိရောက်နစ်နာခြင်းများမရှိဘဲ အရောက်လှမ်းနိုင်ရေးအတွက် ကျားမတန်းတူရေး မရှိမဖြစ်လိုအပ်သည်။
- ကျားမတန်းတူရေးသည် ယနေ့ခေတ်ကာလ၌ ကမ္ဘာတဝှမ်း လက်ခံကျင့်သုံးနေသည့် စံတရပ်ဖြစ်သည်။ ယဉ်ကျေးမှုထွန်းကားသည့် လူ့အဖွဲ့အစည်းတရပ်အတွက် ကျားမတန်းတူရေးကို အဓိကအချက်အချာကျသည့် စံတရပ်အဖြစ် လက်ခံကျင့်သုံးသည့် ကမ္ဘာ့ဒီမိုကရေစီခေတ်အတွင်း မိမိတို့လက်ရှိနေထိုင်နေကြခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းလွှမ်းခြုံပတ်သက်နေသည့် ယခုခေတ်ကာလတွင် ကျားမဆိုင်ရာနှင့် တရားမျှတမှုဆိုင်ရာ ခေတ်သစ်စံများကို မိမိတို့ပါဝင်ဆင်နွှဲခံစားရယူနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေးစားစွာ ထိန်းသိမ်းနေရုံသာမက ပြုပြင်ပြောင်းလဲနိုင်ရန်လည်း လိုအပ်ပေသည်။

တရားဝင်ဖြစ်သော်လည်း အမည်ခံသဘောလောက်သာ နိုင်ငံရေးရာထူးရထားခြင်းနှင့် ထိုရာထူးအရ အမှန်တကယ် မိမိ၏ပါဝါကိုကျင့်သုံးပြီး လွှမ်းမိုးနိုင်ခြင်းတို့မှာ မတူကွဲပြားခြားနားသည်ကို မိမိတို့နားလည်ထားသည်။ ဤသို့အမျိုးသမီးများ အမှန်တကယ်လက်တွေ့ပါဝါကျင့်သုံးနိုင်ရန်မှာ မြန်မာနိုင်ငံတွင်ရှိနေသော လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာပုံစံများကို လိုအပ်သလို ပြုပြင်ပြောင်းလဲရန်နှင့် ဥပဒေအရ သင့်လျော်သောနည်းလမ်းများဖြင့် နိုင်ငံရေးဆန္ဒ အပြည့်အဝဆောင်ရွက်နိုင်မည့် စီမံချက်များလုပ်ဆောင်ရန် လိုအပ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သလိုပင် မြန်မာနိုင်ငံရှိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံများ၌ တန်းတူညီမျှရေးမူကို ထည့်သွင်းပြဌာန်းထားသော်လည်း လက်တွေ့တွင်မူ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေအနေအဆင့်အတန်းကို တိုးတက်မြင့်မားအောင် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ လတ်တလောကာလ၌ လုပ်ကိုင်ဆောင်ရွက်နေကြသည့် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းသည် အတိတ်ကာလမှ အမှားများကို နောက်တကြိမ်ထပ်မလုပ်မိရန်နှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သင်ယူလေ့လာနိုင်ရန် အခွင့်အလမ်းတရပ်ကို ပေးနေပေသည်။ သို့ဖြစ်၍ အမျိုးသမီးများအတွက် အထူးစီမံဆောင်ရွက်ချက်များ ဖန်တီးနိုင်သည့် နည်းလမ်းသစ်များနှင့်အတူ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း တန်းတူညီမျှရေးဟူသော အခြေခံမူကို တောင့်တင်းခိုင်မာအောင် လုပ်ဆောင်ရန် လိုအပ်သည်ဟု မိမိတို့တွေ့မြင်ဖော်ထုတ်ထားသည်။

ထိုအထူးစီမံဆောင်ရွက်ချက်များမှာ လူမှုအသိုင်းအဝိုင်းကဏ္ဍအသီးသီး၏ အဆင့်ဆင့်တိုင်းတွင် လုပ်ဆောင်ရန်လိုအပ်ပြီး ထိုသို့လုပ်နိုင်ရန်မှာလည်း နိုင်ငံအစိုးရအဆင့်မှ မပါဝင်၍ မရပေ။ အဘယ့်ကြောင့်ဆိုသော် တည်ရှိနေသည့် အတားအဆီးတံတိုင်းများကိုကျော်ဖြတ်၍ အပြောင်းအလဲလုပ်နိုင်ရေး ကြိုးပမ်းရာ၌လည်းကောင်း၊ စီးပွားရေး၊ ပညာရေး၊ မိသားစု၊ လူမှုအသိုင်းအဝိုင်း၊ နိုင်ငံရေး စသည့်တို့တွင် ရှိနေသည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံအစိုးရသည်သာ ဥပဒေပြုပြဌာန်း၍ မဖြစ်မနေလုပ်ကိုင်ရန် တိုက်တွန်းနိုင်သည့်အပြင် အကာအကွယ်ပေးတားမြစ်မှုလည်း ပြုလုပ်ပေးနိုင်သည့် အာဏာပိုင်အဆောက်အအုံတရပ် ဖြစ်သောကြောင့်ဖြစ်သည်။ အထူးစီမံဆောင်ရွက်ချက်များအား ချမှတ်ဆောင်ရွက်ရာ၌ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် အစိုးရ၏ မူဝါဒပေါ်လစီများ၊ ဥပဒေကြောင်းအရ အာမခံပေးမှုများနှင့် ပညာပေးအစီအစဉ်များ၊ လုပ်ကိုင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအနေဖြင့် အမျိုးသမီးများ၏နိုင်ငံရေးတွင် ကိုယ်စားပြုမှုများကို အာမခံပေးရန်အတွက် တိကျသေချာသောနည်းလမ်းမှာ ကိုတာစနစ်ပင်ဖြစ်သည်။

အစိုးရ၏ ပေါ်လစီများတွင် အမျိုးသမီးများ၏ လိုအပ်ချက်များကို လက်ခံလေးစား၊ ထင်ဟပ်စေရန်မှာ နိုင်ငံရေးအရ ကိုယ်စားပြုမှုများတွင် ကျားမ အချိုးအစားညီမျှနေရန်မှာ မရှိမဖြစ်လိုအပ်နေပေသည်။ နိုင်ငံရေးတွင် အမျိုးသမီးများအတွက် ကိုတာထားပေးခြင်းဖြင့် အမျိုးသမီးများ နိုင်ငံရေးခေါင်းဆောင်များ အဖြစ် ရွေးချယ်ခံရပြီး ၎င်းတို့၏ အရည်အချင်းများအပေါ် လူထု၏လေးစားမှုများရလာသည်ကို အခြားနိုင်ငံများ၏ အတွေ့အကြုံများကဖော်ပြနေပေသည်။ ကိုတာစနစ်မရှိသည့်နိုင်ငံများအတွင်း၌ အမျိုးသမီးများ၏ နိုင်ငံရေးအဆင့်အတန်းမြင့်တက်ရန်အတွက် မည်မျှပင်ကြိုးပမ်းနေစေကာမူ အမျိုးသမီးများ၏ နိုင်ငံရေးအရ ကိုယ်စားပြုမှုများ၊ ဆက်လက်၍ အားနည်းနေသေးသည်ကိုလည်း တွေ့ရပေမည်။

မိမိတို့ ***WLB*** အနေဖြင့် အောက်ဖော်ပြပါကဏ္ဍများအတွင်း အမျိုးသမီးများအတွက် ကိုတာစနစ်ထားပြီး လုပ်ဆောင်ရန်အရေးဆိုလိုက်သည်။ ပါတီစနစ်အတွင်း ရွေးချယ်တင်မြှောက်ပုံစနစ်အတွင်း၊ ဥပဒေပြုရေးအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် အစိုးရအာဏာသုံးရပ်၏ အဆင့်တိုင်းအတွင်း ကိုတာစနစ်နှင့်ပတ်သက်၍ အထူးဂရုပြုရမည့်အချက် ၂ ချက်ကိုတင်ပြလိုပါသည်။ ပထမအချက်အနေဖြင့် ကိုတာစနစ်သည် ကျားမတန်းတူညီမျှမှုရရှိရန် ပြောင်းလဲမှုအဖြစ် အသုံးပြုသော နည်းလမ်းသာဖြစ်ပြီး နောက်ဆုံးအဖြေမဟုတ်ပါ။ ထို့ကြောင့် ကျားမတန်းတူညီမျှမှု အမှန်တကယ်ရရှိသည့်အချိန်အထိ ကိုတာစနစ်ကို ဆက်လက်ထိမ်းသိမ်းထား

ရှိရန် လိုအပ်သည်။ ဒုတိယအချက်အနေဖြင့် အပြောင်းအလဲဖြစ်လာစေရန်အတွက် ကိုတာစနစ်ထားပေးရုံဖြင့် မလုံလောက်ဘဲ ကျားမတတန်းတူရေး အမှန်တကယ် ရရှိလာစေရန် တခြားသော ဗျူဟာများ နည်းလမ်းလုပ်ဆောင်ချက်များကိုပါ ပူးတွဲကျင့်သုံးရန် လိုအပ်သည်။

## နိုင်ငံတကာဥပဒေနှင့် မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ၏ အခွင့်အရေးကို ပြဋ္ဌာန်းအတည်ပြုခြင်း

မျက်မှောက်ခေတ်ကာလနိုင်ငံတခုဖြစ်သော မြန်မာနိုင်ငံသည်လည်း နိုင်ငံအတွင်းရှိ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် နိုင်ငံတခု ဖြစ်ရန်လိုအပ်သည်။ သို့သော်လည်း ကမ္ဘာပေါ်ရှိ အခြားဒေသများမှာကဲ့သို့ပင် နိုင်ငံအစိုးရက ပြည်သူတို့၏ဘဝများကို ကာကွယ်စောင့်ရှောက်မှု မပေးနိုင်သည့် အပြင် နိုင်ငံအစိုးရကိုယ်တိုင်က ကျူးလွန်သည့်ရာဇဝတ်မှုကို ခံစားနေရသူများအနေဖြင့် တရားမျှတမှုရရှိရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းတွင် နည်းလမ်း ရှာနေကြရသည်။ လွန်ခဲ့သည့်နှစ် ၅၀ ကြာကာလအတွင်း တရားမျှတရေးအတွက် နိုင်ငံတကာစံများ တိုးတက်ပေါ်ပေါက်လာသည်ဖြစ်ရာ ယခုဆိုလျှင် အမျိုးသမီးအခွင့် အရေးအတွက် စံများအပါအဝင် လူသားများ၏ အခြေခံအခွင့်အရေးဆိုင်ရာစံများကို နိုင်ငံတကာဥပဒေအတွင်း ထည့်သွင်းပြဋ္ဌာန်းနိုင်မည် ဖြစ်သည်။ အထူးသဖြင့် လွန်ခဲ့သည့် နှစ် ၂၀ကျော်အတွင်း သိသာထင်ရှားစွာ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာသော နိုင်ငံတကာဥပဒေများက နိုင်ငံတနိုင်ငံ၏ အချုပ်အချာအာဏာ ကျင့်သုံးမှုနှင့် အဓိပ္ပါယ်ကိုပါ ပြောင်းလဲစေခဲ့ပေသည်။ သို့ဖြစ်၍ နိုင်ငံဥပဒေနှင့် နိုင်ငံတကာဥပဒေတို့အကြား၊ ဆက်နွယ်စေ့စပ်မှုတိုးမြင့်လာခဲ့ရာ၊ နိုင်ငံတနိုင်ငံမှ နိုင်ငံတကာ သဘောတူညီချက် (သို့မဟုတ်) ပဋိညာဉ်တခုခုကို သဘောတူလက်မှတ်ရေးထိုးလိုက်သည်နှင့်တပြိုင်နက် အဆိုပါနိုင်ငံတကာဥပဒေအား မိမိတို့ နိုင်ငံ၏ ဥပဒေအတွင်း ထည့်သွင်းပြဋ္ဌာန်းပေးရန် ဝတ္တရားရှိပေသည်။

ဤအရေးပါသော နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများသည် နိုင်ငံ၊ နိုင်ငံသားများနှင့် နိုင်ငံတကာနိုင်ငံရေး ပြဋ္ဌာန်းချက်များကြားတွင်လည်း ဆက်နွယ်မှုများ ပို၍ဖြစ်ပေါ်စေခဲ့သည်။ ထိုအရာကပင် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ဆက်စပ်စဉ်းစားမှုများကိုပါ ပြောင်းလဲလာစေခဲ့သည်။ နိုင်ငံ၏ဥပဒေနှင့် နိုင်ငံတကာဥပဒေတို့၏ ဤအရေးကြီးသော ဆက်စပ်မှုကြောင့်ပင် မိမိတို့ *WLB* အနေဖြင့် ကျားမတန်းတူရေးနှင့်ပတ်သက်၍ အပြောင်းအလဲများ ပြုလုပ်နိုင်ရန် ဗျူဟာများ ချမှတ်ရာတွင် သင့်လျော်သောစံများအတွက် နိုင်ငံတကာဥပဒေကို ကိုးကား၍တင်ပြထားခြင်းဖြစ်သည်။ ထို့အပြင် နှစ် ၃၀ ကြာ နိုင်ငံကို အထီးကျန်ဆန်ဆန် အုပ်ချုပ်မှုပြုထားခဲ့သည့်ကြားမှပင် ယခုအခါ၌ စစ်အစိုးရသည် ကုလသမဂ္ဂမှတဆင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အဖွဲ့ဝင်နိုင်ငံတနိုင်ငံတခုအဖြစ် လက်ခံခြင်းအား ရယူလိုသည့်ဆန္ဒပြင်းပြနေသည်မှာ ထင်ရှားလှပေသည်။ လက်ရှိနိုင်ငံတကာဥပဒေစနစ်သည် အတိအလင်းတရားဝင် ကျင့်သုံးခိုင်း၍မရပဲ နိုင်ငံတကာဥပဒေဆိုင်ရာ သဘောတူညီချက်များ၊ ပဋိညာဉ်များအား အတည်ပြုလက်မှတ်ရေးထိုးခြင်းသည်လည်း ဆန္ဒအလျောက်သာ ဖြစ်နေသေးသော်လည်း မြန်မာနိုင်ငံစစ်အစိုးရသည် *CEDAW* ခေါ် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းအား ဖယ်ရှားပစ်ရေးသဘောတူညီချက်ကို ၁၉၉၇ ခုနှစ်က အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၅ ခုနှစ် ဘေဂျင်း၌ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂဆိုင်ရာ အမျိုးသမီးများညီလာခံ၊ ၂၀၀၀ ခုနှစ်ကကျင်းပခဲ့သော ဘေဂျင်းညီလာခံအပြီး ၅ နှစ်ကြာအစည်းအဝေးနှင့်

၂၀၀၅ ခုနှစ်က ကျင်းပခဲ့သော ဘေဂျင်းညီလာခံအပြီး ၁၀ နှစ်ကြာ အစည်းအဝေးစသည့် အရေးကြီးသော နိုင်ငံတကာအမျိုးသမီး အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်းများတွင် ပါဝင်ဆင်နွှဲခဲ့ပေသည်။

ကျားမတန်းတူညီမျှမှုကို သေချာစေရန်အတွက် အစိုးရနှင့် ဥပဒေပြုလွှတ်တော်များတွင် အမျိုးသမီးများပါဝင်ရန် လိုအပ်သည်ဆိုသည့်အချက်ကို *CEDAW* နှင့် ဘေဂျင်းညီလာခံမှချမှတ်သော လုပ်ငန်းစဉ်ကြေညာချက် နှစ်ခုစလုံး၌ အလေးပေးဖော်ပြထားပေသည်။ အထူးသဖြင့် အဆိုပါနိုင်ငံရေးဆိုင်ရာ စံနှစ်ခုစလုံးက လိုရာခရီးရောက်နိုင်ရန်မှာ ရည်မှန်းချက်ပန်းတိုင်များချမှတ်ခြင်း၊ နည်းလမ်းများဖြင့် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းတို့ လိုအပ်ကြောင်းကိုလည်း အလေးထားတင်ပြထားသည်။ *CEDAW* တွင် ဖော်ပြထားခြင်းအရ ကိုတာစနစ်သည် အမျိုးသမီးနှင့် အမျိုးသားများအကြား အမှန်တကယ်မရရှိသေးသော တန်းတူညီမျှရေးကို ရရှိစေရေးအတွက် အရှိန်မြင့်လုပ်ဆောင်ပေးသော အခြေခံအကျဆုံး "အထူးယာယီလုပ်ဆောင်ချက်" တရပ် ဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့် ထိုအချက်ကို *CEDAW* ၏ ပုဒ်မ ၄ တွင် ဖော်ပြထားပေသည်။

## (ဂ) မြန်မာနိုင်ငံ၏ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အကြံပြုချက်များ

အထက်ဖော်ပြပါ ကမ္ဘာ့အမျိုးသမီးများအခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်ကြီးနှစ်ရပ်ကို မြန်မာနိုင်ငံစစ်အစိုးရမှ လိုက်နာစောင့်ထိန်းပါမည်ဟု အတည်ပြုလက်မှတ် ရေးထိုးခဲ့သည့်အပေါ်မူတည်၍ မိမိတို့ *WLB* အနေဖြင့် အောက်ဖော်ပြပါမူများနှင့် လုပ်ဆောင်ချက်များကို မြန်မာနိုင်ငံရှိ ပြည်သူလူထုမျက်မှောက်အရောက် တင်သွင်းမည့် မည်သည့်ဖွဲ့စည်းပုံဥပဒေမူကြမ်းတွင်မဆို ထည့်သွင်းပြဋ္ဌာန်းရန် အကြံပြုလိုသည်။ ယင်းတို့မှာ–

**၁။ အမျိုးသမီးများ အပြည့်အဝတိုးတက်မြင့်မားရေးဆိုင်ရာမှုကို အသိအမှတ်ပြုရန်**

အမျိုးသမီးများအတွက် တန်းတူညီမျှသည့်အခွင့်အရေးများ အပြည့်အဝတိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် အမှန်စင်စစ် တန်းတူညီမျှရေးရရှိရန် လုပ်ဆောင်ရာ၌ တည်ရှိနေသော အတားအဆီးတံတိုင်းများအားလုံးကို ဖယ်ရှားရေးတို့အတွက် မြန်မာနိုင်ငံအစိုးရများမှ လုံးဝအာမခံ လုပ်ဆောင်ပေးရမည်။

**၂။ အစိုးရဌာန၏ အဆင့်ဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်မှုအား အနည်းဆုံး ၃၀ ရာခိုင်နှုန်း ထားပေးသည့် ကိုတာစနစ်ကို အတည်ပြုချမှတ်ရန်**

သမိုင်းကြောင်းအရ အမျိုးသမီးများအား ခွဲခြားနှိမ့်ချဆက်ဆံမှုများနှင့် အမျိုးသမီးများ တိုးမြှင့်ပါဝင်မှုကို အဟန့်အတားများရှိနေခဲ့သည့် အစိုးရများအတွင်းနှင့် နိုင်ငံရေးနယ်ပယ်အတွင်းတွင် အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှုနှင့် တန်းတူညီမျှမှုတို့ရရှိစေရေးအတွက် ကိုတာစနစ်သည် အထိရောက်ဆုံးဗျူဟာတခု ဖြစ်ကြောင်း နိုင်ငံတကာရှိ အခြေအနေလေ့လာသုံးသပ်ချက်များက ဖော်ပြနေပေသည်။ ဤလုပ်ဆောင်ချက်များက မြန်မာနိုင်ငံတွင် ခေတ်သစ်ဒီမိုကရေစီနှင့် ကျားမတန်းတူညီမျှမှုကို ခိုင်မာအောင်လုပ်ဆောင်ရာတွင် အထောက်အကူပြုပေလိမ့်မည်။

## ၃။ အစိုးရစနစ်အတွင်း အချိုးကျကိုယ်စားပြုသည့်စနစ်ကို အတည်ပြုလုပ်ဆောင်ရန်

အစိုးရထဲတွင် အမျိုးသမီးများနှင့် လူနည်းစုများ၏ ကိုယ်စားပြုမှုကို တိုးမြင့်ရာ၌ အထိရောက်ဆုံးစနစ်ဖြစ်သည့်အတွက် ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖြစ်လာမည့် မြန်မာနိုင်ငံတွက် ဤအချိုးကျကိုယ်စားပြုစနစ်ဖြင့် တည်ဆောက်သော အစိုးရပုံစံကို အတည်ပြုပြဋ္ဌာန်းသင့်သည်။ ဤအထူးစီမံလုပ်ဆောင်ချက်က သမိုင်းတွင် ဖယ်ရှားခံရသော အုပ်စုများ၏ ကိုယ်စားပြုမှုကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

## ၄။ ကျားမတန်းတူမှုဆိုင်ရာ ဥပဒေများအား အမှန်တကယ်ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ကျားမတန်းတူရေး ဝန်ကြီးဌာနတခု ထားရှိရန်

မြန်မာနိုင်ငံ၏ နိုင်ငံသားအမျိုးသမီးများ တန်းတူညီမျှမှုအပြည့်အဝရရှိရန်မှာ ဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကိုတာစနစ်ကို ချမှတ်ကျင့်သုံးယုံမျှနှင့်မရပဲ ကျားမတန်းတူရေးဝန်ကြီးဌာနထားရှိ၍ လူမှုကဏ္ဍအသီးသီးတွင် အမျိုးသမီးများအား အထောက်အကူများ ပံ့ပိုးပေးရမည်ဖြစ်သည်။ ဤဝန်ကြီးဌာနက ကျားမတန်းတူရေးအတွက် ချမှတ်ထားသော မူဝါဒများအား အမှတ်တကယ်လိုက်နာဆောင်ရွက်ရေးသေချာစေရန် တာဝန်ယူပြီး အမျိုးသမီးများ၏ နစ်နာချက်များကို ထုတ်ဖော်အရေးဆိုရန် နေရာတခုအဖြစ် ဖန်တီးပေးရမည်ဖြစ်သည်။

## နိဂုံး

***CEDAW*** ကို ရေးဆွဲခဲ့သူများနှင့် လက်မှတ်ရေးထိုးခဲ့ကြသူများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အမှန်တကယ် ကျားမတန်းတူရေးသည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ ရည်မှန်းချက်ပန်းတိုင်လည်း ဖြစ်သင့်ပေသည်။ ယဉ်ကျေးမှုတိုင်း၊ နိုင်ငံတိုင်းတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုများ တည်ရှိနေသည်ဖြစ်ရာ ဤမတရားမှုများအား ဖော်ထုတ်ဆောင်ရွက်ရန် နိုင်ငံအစိုးရတိုင်းတွင် အထူးတာဝန်ရှိပေသည်။ ထို့အပြင် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအား ထိပါးချိုးဖောက်ခံရမှုကို အစိုးရများအနေဖြင့် ကုစားဖေးမထောက်ကူပေးရမည်ဖြစ်ပြီး အမျိုးသားများနည်းတူ ပညာပိုင်းအရ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်နှင့် မိမိတို့၏ ကိုယ်ပိုင်ရည်ရွယ်ချက်ပန်းတိုင်များ လက်လှမ်းရယူနိုင်ရန်လည်း အထောက်အကူပြုပေးရပေမည်။

***CEDAW*** နှင့်တကွ ဘေဂျင်းညီလာခံမှချမှတ်သော လုပ်ငန်းစဉ်များမှတဆင့် ၎င်း၏ပေါ်လစီများကို ပြန်လည်သုံးသပ်ရာတွင် မြန်မာနိုင်ငံ၏ လူမှုရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ နယ်ပယ်များအားလုံးတွင် ကျားမတန်းတူမှုရရှိစေရန်အတွက် ထိရောက်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ရန်တာဝန်ရှိပေသည်။ မြန်မာနိုင်ငံ အမျိုးသမီးများသည် ၎င်းတို့၏ အမျိုးသားခေါင်းဆောင်များ၏ လောင်းရိပ်အောက်တွင် ကြာရှည်တိတ်ဆိတ်စွာ ရုန်းကန်လှုပ်ရှားလာခဲ့ရခြင်း ဖြစ်ပေသည်။ ယခုအချိန်အခါသည် ဤအမျိုးသားများအနေဖြင့် ၎င်းတို့၏နောက်ကွယ်ရှိ အခြေအနေများကို ပြန်လှည့်ကြည့်ပြီး အမျိုးသမီးများအမှန်တကယ်လက်တွေ့ဘဝတွင် ခံစားနေရသည့် မညီမျှမှုကို အသိအမှတ်ပြု၍ အမှန်တကယ်စစ်မှန်သည့် တန်းတူညီမျှမှုမရှိပဲ မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံ ဖြစ်မလာနိုင်သည်ကို နားလည်သဘောပေါက်ရန် အချိန်တန်လေပြီဖြစ်ပေသည်။

# အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသားအမျိုးသမီးအဖွဲ့အစည်းအသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၂)ဖွဲ့ ပါဝင်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်း တင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

Women’s League of Burma (WLB)
P.O. Box 413 GPO
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖွဲ့အစည်းများ

မြန်မာ့အမျိုးသမီးသမဂ္ဂ **(BWU)**

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) **(KWAT)**

ကရင်အမျိုးသမီးအစည်းအရုံး **(KWO)**

ကရင်နီအမျိုးသမီးအစည်းအရုံး **(KNWO)**

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး **(KWHRO)**

လားဟူအမျိုးသမီးအစည်းအရုံး **(LWO)**

ပလောင်အမျိုးသမီးအစည်းအရုံး **(PWO)**

ပအိုဝ့်အမျိုးသမီးသမဂ္ဂ **(PWU)**

ရခိုင်အမျိုးသမီးသမဂ္ဂ **(RWU)**

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း **(SWAN)**

ထားဝယ်အမျိုးသမီးသမဂ္ဂ **(TWU)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာ အဖွဲ့ **(WRWAB)**